မြန်မာနိုင်ငံရှေ့နေများကောင်စီ
Burma Lawyers' Council
PO Box 144 Mae Sod Post Office Tak Province 63110 Thailand Tel : Fax (66) (055) : 542 910
E-mail : blcsan@ksc.th.com; Website : www. blc-burma.org

# နိုင်ငံတော်၏ ဘ¾ာငွေ အရအသုံးဆိုင်ရာဥပဒေ (နအဖ ဥပဒေ အမှတ် ၉/ ၂၀၁၁) နှင့် နိုင်ငံတော် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် လိုအပ်သော အသုံးစရိတ်ဆိုင်ရာ အထူးရံပုံငွေ ဥပဒေ (နအဖ ဥပဒေ အမှတ် ၁၀/ ၂၀၁၁) တို့ကို ဥပဒေရေးရာ သုံးသပ်ထုတ်ပြန်ချက်

၁။ နိုင်ငံတော်၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေကဲ့သို့ ဥပဒေမျိုးကို လွှတ်တော်တွင် အခြေအတင် တင်ပြဆွေးနွေး အတည်ပြုချက်ရယူပြီးမှသာ ဥပဒေပြုလွှတ်တော်က ထုတ်ပြန်ကြေညာရသည့် နိုင်ငံတကာ လုပ်ထုံးလုပ်နည်းရှိပါသည်။ ကိုယ်သုံးစွဲလိုသည့် စာရင်းဇယားကို ကိုယ်ကိုယ်တိုင်ရေးဆွဲပြီး ပြဋ္ဌာန်းသည့် ထုံးဓလေ့မရှိပါ။ ပြည်သူလူထု ရွေးကောက်တင်မြှောက်သည့် ပြည်သူ့ကိုယ်စားလှယ်များက အတည်ပြုမှသာ ဥပဒေမှာ အကောင်အထည်ဖော်၍ ရပါမည်။ အများပြည်သူထု အကျိုးစီးပွားကို မည်သည့်နေရာတွင်မဆို အလေးထားရပါသည်။ နိုင်ငံ၏ လူမှုစီးပွား၊ ပြည်သူလူထု အကျိုးစီးပွားနှင့် ကိုက်ညီရပါမည်။ နိုင်ငံ၏ အဓိက ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရမည့်အခန်းကဏ္ဍဖြစ်သော ပညာရေး၊ ကျန်းမာရေး ကဏ္ဍများကို အထူးအလေးထားရန် လိုအပ်ပါသည်။

၂။ ဒီမိုကရေစီ နိုင်ငံတိုင်းတွင် စစ်တပ်သည် ပြည်သူကရွေးကောက်တင်မြှောက်သော ပါလီမန်နှင့် ၎င်းပါလီမန်ကတဆင့် ရွေးကောက်တက်မြှောက်သော အစိုးရအဖွဲ့၏ အုပ်ချုပ်မှုအောက်တွင်ရှိရသည်။ ပြည်ထောင်စုမြန်မာနိုင်ငံတော် အခြေခံဥပဒေ (၁၉၄၇ ခုနှစ်) တွင်လည်း ပါလီမန်က ခွင့်ပြုသောငွေကိုသာ သုံးစွဲရပြီး ပါလီမန်က သဘောတူညီသော အင်အားဖြင့် တပ်မတော်ကို ဖွဲ့စည်းထားရှိရန် ပြဋ္ဌာန်းချက်များ ပါဝင်ပါသည်။

၁၉၄၇ ခုနှစ် ပြည်ထောင်စု မြန်မာနိုင်ငံ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ …

**ပုဒ်မ – ၈၆ ။** ။ (၁) မည်သည့် ဘဏ္ဍာ တော်နှစ်အတွက်မဆို၊ ပြည်ထောင်စု နိုင်ငံ၏ အရ မှန်းခြေ ငွေစာရင်းနှင့် အသုံး မှန်းခြေ ငွေစာရင်းကို ဤအခြေခံဥပဒေရှိ အခန်း (၇) အရ၊ ပြည်သူ့လွှတ်တော်သို့ တင်ပြပြီးသည့်နောက်၊ ထိုမှန်းခြေ ငွေစာရင်းများကို လွှတ်တော်က လျင်မြန်နိုင်သမျှ လျင်မြန်စွာ စဉ်းစားဆွေးနွေးရမည်ဟု ဖော်ပြထားသည်။

**အခန်း(၇) ပုဒ်မ – ၁၂၅ ။** ။ (၁) ပြည်ထောင်စု အစိုးရသည်၊ ဘဏ္ဍာတော်နှစ်တိုင်း တနှစ်အတွက် ပြည်ထောင်စု နိုင်ငံ၏ အရ မှန်းခြေ ငွေစာရင်းနှင့် အသုံး မှန်းခြေ ငွေစာရင်းများကိုပြု၍၊ ထိုစာရင်းများကို ပြည်သူ့လွှတ်တော်သို့ စဉ်းစားဆွေးနွေးစေရန် တင်ပြရမည်။ (၂) အသုံးမှန်းခြေ ငွေစာရင်း တင်ပြခြင်းကိစ္စ၊ ပြည်ထောင်စုနိုင်ငံ၏ အခွန်တော် ခွဲဝေလျာထားခြင်းကိစ္စ၊ ထိုသို့တင်ပြခြင်း၊ လျာထားခြင်းတို့နှင့် သက်ဆိုင်သော ကိစ္စများနှင့်စပ်လျဉ်း၍၊ ပါလီမန်ဆိုင်ရာ လွှတ်တော်များတွင်၊ လိုက်နာရမည့်လုပ်ငန်းစဉ်ကို ဤအခြေခံဥပဒေက ပြဋ္ဌာန်းထားပြီးမရှိလျင်၊ တရားဥပဒေနှင့်အညီ ပြဋ္ဌာန်းရမည်။ ဟု အတိအလင်း ဖော်ပြထားချက်ကို ရည်ညွှန်းလိုပါသည်။ ပညာသတိ အမြဲရှိရန် လိုအပ်ပါသည်။

၃။ နိုင်ငံတော်၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေ (နအဖ ဥပဒေအမှတ် ၉/ ၂၀၁၁) အရ တပ်မတော် ရေးရာနှင့် ကာကွယ်ရေး အသုံးစရိတ် ခွဲဝေရာထားမှုမှာ ငွေလုံးငွေရင်း သုံးငွေ (၈၆၈ ၀၅၈ ၄၈၂ ၀၀၀ /–) ဟု ဖော်ပြထားသည်။

ပညာရေး အသုံးစရိတ် ခွဲဝေရာထားမှုမှာ ငွေလုံးငွေရင်း သုံးငွေ ( ၃၅ ၅၃၈ ၈၆၇ ၀၀၀/–) ဟုလည်းကောင်း၊ ကျန်းမာရေးအသုံးစရိတ် ခွဲဝေရာထားမှုမှာ ငွေလုံးငွေရင်း သုံးငွေ ( ၂၅ ၀၂၄ ၇၁၈ ၃၉၀/–) ဟုလည်းကောင်း ဖော်ပြထားသည်များကို တွေ့ရသည်။

အထက်ပါ ငွေလုံးငွေရင်း သုံးငွေစာရင်းဇယားကို ကြည့်မြင်ခြင်းအားဖြင့် တပ်မတော်ရေးရာနှင့် ကာကွယ်ရေး အသုံးစရိတ်မှာ အလွန်အမင်း များပြားလွန်းနေခြင်း၊ ပညာရေး နှင့် ကျန်းမာရေး အသုံးစရိတ်များမှာ အလွန့်အလွန် နည်းပါးနေခြင်း ဖြစ်ကြောင်း ကွာဟချက်ကြီးမားနေသည်ကို တွေ့ရပါသည်။

၄။ အထက်ပါ အသုံးစရိတ်များကို ပြည်သူလူထု ဆန္ဒသဘောထားမပါဘဲ၊ ပြည်သူ့ကိုယ်စားလှယ်များ၏ သဘောတူညီမှုမရှိဘဲ စိတ်ကြိုက် ခွဲဝေသုံးစွဲနိုင်ရန် နိုင်ငံတော် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် လိုအပ်သော အသုံးစရိတ်

ဆိုင်ရာ အထူးရံပုံငွေ ဥပဒေ ကို နအဖ ဥက္ကဋ္ဌ တဦးတည်း သဘောဖြင့် ထုတ်ပြန်ထားသည်ကိုတွေ့ရသည်။ ဤဥပဒေ ပုဒ်မ-၃ တွင် "တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ တင်ပြချက်အရ အထူးရန်ပုံငွေသို့ နှစ်စဉ်လိုအပ်သော ငွေကြေးပမာဏကို နိုင်ငံတော်သမတ ၏ သဘောတူညီချက်ဖြင့် ဖြည့်ဆည်းပေးရမည်။" ဟုဖော်ပြထားသည်။

နှစ်စဉ်လိုအပ်သော ငွေကြေးပမာဏဟု ပါရှိရာ အမြဲတမ်း နှစ်တိုင်းနှစ်တိုင်းတွင် လိုအပ်သော ငွေကြေးပမာဏဟု အဓိပ္ပါယ်သက်ရောက်နေပါသည်။ မည်သည့်နှစ်မှ မည်သည့်နှစ်အထိဟု အချိန်ကာလသတ်မှတ်ချက်မရှိဘဲ ဖြည့်ဆည်းပေးရမည်ဖြစ်နေပါသည်။ အမြဲတမ်း တရားသေ သတ်မှတ်ချက်မျိုးမှာ ဥပဒေကို ချုပ်ကိုင်ပြီး တကြိုးတည်း အာဏာသက်ရောက်ရယူလိုသည့် စိတ်ရင်းသဘောထား ပါရှိနေပါသည်။ သမတ တဦးတည်း၏ သဘောတူချက်တရပ်ဖြင့် ငွေကြေးပမာဏအမြောက်အများကို အကန့်အသတ်မရှိသုံးစွဲရန် ပြဋ္ဌာန်းလာခြင်းမှာ ဥပဒေမမြောက်ပါ။ ပြည်ထောင်စုစစ်စစ် ဥပဒေပြုလွှတ်တော်ကသာ အကြေအလည် တင်ပြ ဆွေးနွေး အတည်ပြုချက်ရယူပြီးမှ ထုတ်ပြန်ရမည့် ဥပဒေမျိုးဖြစ်ပါသည်။

၅။ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကသာ သုံးစွဲခွင့်ရှိသည်ဟု ဤဥပဒေ ပုဒ်မ ၄ တွင် ဖော်ပြထားချက်မှာလည်း နိုင်ငံတော်ဘဏ္ဍာငွေကို သမတ က ကြိုက်သလို ပြဋ္ဌာန်းချက်အရ ကြိုက်သလို သုံးစွဲခွင့်ပြုထားချက်မှာလည်း ပြည်သူလူထု အများသဘောထားနှင့် အများဆိုင်ရာ အမြင်ချို့တဲ့ ခေါင်းပါးမှုတရပ်ဖြစ်နေပါသည်။ နိုင်ငံတော်တရပ်လုံးကို ကိုယ်စားပြုနိုင်ရန်မှာ အများသဘောဆောင်ရန် လိုအပ်ပါသည်။

၆။ ဤဥပဒေ ပုဒ်မ ၅ တွင် "အထက်ပါ အထူးရံပုံငွေ သုံးစွဲခြင်းနှင့် စပ်လျဥ်း၍ မည်သည့်ပုဂ္ဂိုလ် (သို့မဟုတ်) အဖွဲ့အစည်းကမျှ မေးမြန်းခြင်း၊ တင်ပြစေခြင်း၊ စာရင်းစစ်ဆေးခြင်း ခံယူရန်မလို၊" ပြဋ္ဌာန်းချက်မျိုးမှာ ဥပဒေ အရာမရောက်၊ ဥပဒေအင်္ဂါရပ်များနှင့် မကိုက်ညီပါ။ ပါတီစုံ စနစ်ကို ကျင့်သုံးပါသည် ဟု ၂၀၀၈ ဖွဲ့စည်းပုံဥပဒေတွင် ဖော်ပြချက်ကို ချေဖျက်ပစ်လိုက်ခြင်းလည်းဖြစ်နေပါသည်။ မည်သည့် အဖွဲ့အစည်းကမျှဟု ဖော်ပြချက်မှာ ကြံ့ဖွံ့ နအဖ အဖွဲ့အစည်းကလွဲ၍ ကျန်အဖွဲ့အစည်းအားလုံးကို ပစ်ပယ်မျက်ကွယ်ပြုရာ ရောက်နေပါသည်။

၇။ ပွင့်လင်းမြင်သာသည့် နိုင်ငံတကာရေးစီးကြောင်းထဲတွင် လိုက်ပါရသည့် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံတိုင်းမှာ အစစ်ဆေး၊ အမေးမြန်း ခံနိုင်ရပါမည်။ ကိုယ့်တိုင်းပြည်၏ ပြည်သူလူထုကို သိမြင်မှုမပေးဘဲ နအဖ ကြံ့ဖွံ့ တအုပ်စု စစ်တပ်တပါတီတည်း၏ ဆန္ဒတခုတည်းဖြင့် ပိတ်ပင်တားမြစ်ပိုင်ခွင့် မရှိပါ။ ပြည်ထောင်စုတိုင်းရင်းသားအားလုံး ပိုင်ဆိုင်သည့် နိုင်ငံတော်ကို စစ်တပ်တဖွဲ့တည်းက လက်ဝါးကြီးအုပ် ချုပ်ကိုင်ပိုင်ဆိုင်လိုခြင်း စိတ်နေစိတ်ထားကို ပေါ်လွင်စွာဖော်ပြလိုက်ခြင်းဖြစ်နေပါသည်။ တရားမျှတမှု လုံးဝကင်းမဲ့သွားပါသည်။ ရပ်ရွာအေးချမ်းသာယာမှု တရားဥပဒေစိုးမိုးမှုကို ဤဥပဒေများက ဖျက်ဆီးပစ်လိုက်ခြင်း ဖြစ်နေပါသဖြင့် မနေးအမြန် ဖျက်သိမ်းပစ်ရန် လိုအပ်ပါကြောင်း သုံးသပ်ချက် ထုတ်ပြန်အပ်ပါသည်။

ဥပဒေရေးရာသုံးသပ်ရေးအဖွဲ့
မြန်မာနိုင်ငံရှေ့နေများ ကောင်စီ

၂၀၁၁ ခုနှစ်၊ မတ်လ (၁၀) ရက်။

**အသေးစိတ် သိလိုပါလျှင် –**
ဦးမျိုး ( တာဝန်ခံ၊ ဥပဒေရေးရာ သုံးသပ်ရေးအဖွဲ့)
Mobile; 086 216 0108